အမျိုးသမီး၊လူငယ်နှင့်
ကလေးသူငယ်ရေးရာ
ဝန်ကြီးဌာန

# ပဋိပက္ခကာလအတွင်း စစ်ကောင်စီ၏ လုံခြုံရေးတပ်များမှ အမျိုးသမီးအခွင့်အရေးချိုးဖောက်မှု အစီရင်ခံစာ ထုတ်ပြန်ကြေငြာချက်

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့။

စစ်တပ်မှအာဏာသိမ်းလိုက်သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့မှ စက်တင်ဘာလထိ ၈ လတာ ကာလအတွင်း မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် စစ်တပ်မှ ကျူးလွန်ခဲ့သည့် အမျိုးသမီး အခွင့်အရေး ချိုးဖောက်မှု အခြေအနေများကိုတင်ပြထားသည့် အစီရင်ခံစာကို အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနနှင့် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနတို့ပူးပေါင်း၍ ယနေ့ထုတ်ပြန် လိုက်သည်။

စစ်အာဏာရှင်လက်ထက်တွင် အမျိုးသမီးထုသည် အသက်ဘေးရင်ဆိုင်နေရခြင်းများအပြင် လူ့ အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးကိုလည်း ကျူးလွန်ခံနေရပါသည်။ နိုင်ထက်စီးနင်းပြုကျင့်ခံနေသည့် အမျိုးသမီးထု၏ ဆုံးရှုံးနစ်နာမှုများကို ဖော်ထုတ်တင်ပြရန်၊ အကြမ်းဖက် စစ်ကောင်စီ တပ်များ၏ လူမ ဆန်သည့်ကျူးလွန်မှုများကို ထိရောက်စွာအရေးယူနိုင်ရန်၊ အမျိုးသမီးထု၏ အခွင့်အရေးကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ဤအစီရင်ခံစာကို ပြုစုထုတ်ပြန်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပဋိပက္ခကာလအတွင်း စစ်ကောင်စီ၏ လုံခြုံရေးတပ်များမှ အမျိုးသမီးထုအား မ တရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့်၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများ ကို သတင်းအချက်အလက်မှတ်တမ်းများ ကောက်ယူ၍ ရေးသားပြုစုတင်ပြထားပါသည်။ စစ်ကိုင်းတိုင်း တွင် စိတ်ပိုင်းဆိုင်ရာချို့တဲ့နေသည့်အမျိုးသမီးငယ်တစ်ဦးအား စစ်တပ်မှ အုပ်စုဖွဲ့အဓမ္မပြုကျင့်ခြင်း၊ ကချင်ပြည်နယ်တွင် အမျိုးသမီးတစ်ဦးပစ်သတ်ခံရခြင်း၊ မန္တလေးတိုင်းတွင် ၅ နှစ်အရွယ် မိန်းကလေးငယ် တစ်ဦး ဖမ်းဆီးခံရခြင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖမ်းဆီးခံရသည့် အမျိုးသမီးအား ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ခြင်းများအပါအဝင် အခြားသောအကြမ်းဖက်ခံမှုများကို အစီရင်ခံစာတွင် ဖော်ထုတ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ထို့ပြင် မတရားသဖြင့် ဖမ်းဆီးအချုပ်ချခံထားရစဉ်၊ အမှုရင်ဆိုင်နေရစဉ်နှင့် ထောင်သွင်းအကျည်းချခံရချိန်တို့တွင် အမျိုးသမီးထု၏ နေ့စဉ်ဘဝလုံခြုံမှုအား ခြိမ်းခြောက်ခံရခြင်း၊ နှုတ်ဖြင့် ထိပါးစော်ကားခံရခြင်း၊ ကိုယ်ထိလက်ရောက် လိင်ပိုင်းဆိုင်ရာထိပါးစော်ကားခံရခြင်း စသည့်ဖြစ်ရပ်များရင်ဆိုင်ခဲ့ရကြောင်း လေ့လာရသည်။ ထိုသို့အဖြစ်မျိုးရင်ဆိုင်ခဲ့ရသော အမျိုးသမီးများသည် လွတ်မြောက်လာသည့်အခါတွင်ပင် မိမိတို့ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များကို ပြန်လည်ဖွင့်ဟမပြောချင်လောက်သည့်အထိ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်ခံစားခဲ့ကြရပါသည်။

ဤအစီရင်ခံစာကို ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာဌာနများနှင့် နိုင်ငံတကာရှိ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသင်းအဖွဲ့များသို့ ပေးပို့တင်ပြသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် လူ့အခွင့်အရေးတို့ကို ပြန်လည်ဆောင်ကျဉ်းပြီး တရားမျှတမှုဖော်ဆောင်နိုင်ရန်အတွက် စစ်ကောင်စီကို ဘက်ပေါင်းစုံမှ ဝိုင်းတန်း ဖိအားပေးကြရန် တောင်းဆိုထားပါသည်။

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်

aungmyomin@nugmyanmar.org

susannasoe@nugmyanmar.org

eithinzarmaung@nugmyanmar.org